**Website:** chinland.org **Email:** cnf.headquarters@gmail.com

# ချင်းအမျိုးသားတပ်ဦး၏
# ၂၀၂၀ အထွေထွေရွေးကောက်ပွဲဆိုင်ရာ သတင်း ထုတ်ပြန်ချက်

၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ ( ၀၇) ရက်နေ့

၁။ ပြည်ထောင်စု မြန်မာနိုင်ငံ၏ တတိယအကြိမ် လွှတ်တော် သက်တမ်းအတွင်း နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုမည့် အစိုးရ ပေါ်ပေါက်ရေးအတွက် ၂၀၂၀ ခုနှစ် နိုဝင်ဘာလ (၈) ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ အပေါ် ကြိုဆိုသည်။ ၂၀၂၀ အထွေထွေရွေးကောက်ပွဲကို ဒီမိုကရေစီကျင့်စဉ်နှင့် အညီ လွတ်လပ်၍ သန့်ရှင်းပြီး တရားမျှတစွာ ကျင်းပကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၂။ ချင်းအမျိုးသားတပ်ဦးသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ အမျိုးသားတန်းတူရေးနှင့် ဒီမိုကရေစီ အခွင့်အရေးများ အပြည့်အဝ ရှိသည့် ဖက်ဒရေဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးအတွက် ငြိမ်းချမ်းရေး ဆွေးနွေးမှု လမ်းကြောင်းမှ ကြိုးပမ်းဆောင်ရွက်နေသည်နှင့် အညီ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ အမျိုးသားတန်းတူရေးနှင့် ဒီမိုကရေစီ အခွင့်အရေးများ အပြည့်အဝ ရှိသည့် ဖက်ဒရေဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးအတွက် ရည်ရွယ် လုပ်ဆောင်နေသည့် မည်သည့် နိုင်ငံရေးပါတီ၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်နှင့် မဆို လက်တွဲဆောင်ရွက်သွားမည်ဖြစ်သည်။

၃။ ၂၀၂၀ အထွေထွေရွေးကောက်ပွဲနှင့် ပါတ်သက်၍ တချို့သော နိုင်ငံရေးပါတီများနှင့် ပုဂ္ဂိုလ်များသည် ချင်းအမျိုးသားတပ်ဦး၏ စာတမ်းများ၊ သဘောထားများကို ထပ်ဆင့် ကူးယူပြောဆိုရေးသားပြီး ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲတွင် အနိုင်ရရှိရေးအတွက် လိုရာဆွဲ အသုံးချနေကြောင်း ကြားသိရသည်။ သို့ပါ၍ ချင်းအမျိုးသားတပ်ဦးမှ တရားဝင် ထုတ်ပြန်ထားသော စာတမ်းများ၊ သဘောထားများအား ခွင့်ပြုချက်မရှိပဲ ၂၀၂၀ ရွေးကောက်ပွဲအတွက် ထပ်ဆင့် ကူးယူ ပြောဆို ရေးသား ဖြန့်ချိ အသုံးချခြင်း မပြုကြရန် အသိပေးအပ်ပါသည်။

၄။ ယနေ့သည် ကမ္ဘာ့ကပ်ရောဂါကြီးဖြစ်သော Covid - 19 ဖြစ်ပွားနေသည့်ကာလ ဖြစ်သည်နှင့် အညီ ၂၀၂၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများ၊ အရွေးခံမည့်ပုဂ္ဂိုလ်များအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ထားသော Covid -19 ဆိုင်ရာ လမ်းညွှန်ချက်အတိုင်း တိတိကျကျ လိုက်နာကြပါရန် နှင့် ချင်းအမျိုးသားတပ်ဦး၏ အခြေချနယ်မြေအတွင်း မဲဆွယ်စည်းရုံးရေးပြုလုပ်မည်ဆိုပါက ချင်းအမျိုးသားတပ်ဦးထံ ကြိုတင် ခွင့်ပြုချက် ရယူခြင်းဖြင့် ချိတ်ဆက် ဆောင်ရွက်သွားကြရန် တိုက်တွန်း အပ်ပါသည်။

**သတင်းနှင့် ပြန်ကြားရေးဌာန**
**ဝိတိုရိယ ဗဟိုဌာနချုပ်**

ဆက်သွယ်ရန် -

Salai Htet Ni

Ph: +916909 751 721, +9594 0114 7974